①ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင် နေထိုင်ခွင့်ကာလ ကျော်လွန်သွားသူများ၊ ②နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်၏ အကျုံးဝင်သက်တမ်း ကုန်သွားသူများ နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ် ရရှိရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍

၂၀၂၀ခုနှစ် ဇွန်လ ၂၆ရက်
(၂၀၂၁ခုနှစ် ဇူလိုင်လ ၅ရက်တွင် မွမ်းမံသည်)
လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာန
Immigration Services Agency of Japan

အောက်ပါ ① နှင့် ② အတိုင်း တင်သွင်းရန်စာရွက်စာတမ်းများကို ရိုးရှင်းလွယ်ကူအောင် ပြုလုပ်မည်။ တစ်ဖန် ပုံမှန်ထက် မြန်ဆန်စွာ သုံးသပ်စစ်ဆေးပါမည်။

| | ① ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှထွက်ခွာနေဆဲတွင် နေထိုင်ခွင့်ကာလ ကျော်လွန်သွားသူများ | ② နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်၏ အကျုံးဝင်သက်တမ်း ကုန်သွားသူများ |
|---|---|---|
| အခြေအနေများ | ○ ပြန်လည်ပြည်ဝင်ခွင့်ဖြင့် ဂျပန်မှမထွက်ခွာစဉ်မှစ၍၊ လုပ်ရှားမှုအကြောင်းအရာနှင့် မိမိနှင့်ပက်သက်၍ ပြောင်းလဲရန်မရှိသူများ။<br>○ အောက်ပါတို့မှ တစ်ခုခုကို လျှောက်ထားသူများ<br>• ပြန်လည်ပြည့်ဝင်ခွင့်နှင့် စပ်လျဉ်း၍ ပြည်ဝင်ခွင့်သက်တမ်းကာလသည် ၂၀၂၀ခုနှစ် ဇန်နဝါရီလ ၁ရက်နောက်ပိုင်းမှ သူများ<br>• နေထိုင်နေသော နိုင်ငံ၊ ဒေသသည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုကို ကာကွယ်ရေး နှင့်စပ်လျဉ်းသော လူဝင်မှုကြီးကြပ်ရေးကန့်သတ်ချက်များကို ဖယ်ရှားလိုက်သည့်ရက်မှ အေဂျင်စီက သီးခြားသတ်မှတ်ထားသောရက်စွဲ ၆လ (သို့) ၆လထက် အကြာတွင် ပြန်လည်ပြည်ဝင်ခွင့် နှင့်ပက်သက်သော လူဝင်မှုကြီးကြပ်ရေး ကန့်သတ်ချက်များ သက်တမ်းကုန်မည့်သူများ<br>(၂၀၂၁ခုနှစ် ဧပြီလ ၁၆ရက်တွင် ကုန်လွန်မည့် သက်တမ်းကာလကို တိုးချဲ့ခဲ့သည်။)<br>(မှတ်ချက် ၁) နေထိုင်ခွင့်ကာလ သက်တမ်းကုန်သည့်ရက်အထိ ၁လမျှပင် မလိုတော့သူများတွင်၊ သက်တမ်းကာလအတွင်း ပြည်လည်ပြည်ဝင်ရန် ရည်ရွယ်မထားသူများလည်းပါဝင်သည်။<br>(မှတ်ချက် ၂) ယာယီပြန်လည်ပြည်ဝင်ခွင့်လည်း ပါဝင်သည်။<br>(မှတ်ချက် ၃) "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၂"အနေဖြင့် နေထိုင်ခဲ့သူများမှာ ယခင်လုပ်ရှားမှုများ အလိုက် "အဆင့်မြင့်ကျွမ်းကျင်ဝန်ထမ်း အမှတ်စဉ် ၁" (i,ro,ha မှ တစ်ခုခု။) ဖြင့် လျှောက်ထားပါ။ | ○ ယခင်လျှောက်ထားသည့် အကြောင်းအရာများမှ ပြောင်းလဲရန်မရှိ သူများ။<br>※ ထို့အပြင် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် ၏ အကျုံးဝင်သက်တမ်းသည် ပုံမှန်မှာ ၃လအကြာထိ သက်တမ်းရှိသော်လည်း၊ ခြွင်းချက်အနေဖြင့် ထိုထောက်ခံချက် လက်မှတ်အား ပြုလုပ်ခဲ့သည့် အချိန်ကာလပေါ်မူတည်၍ အသီးသီးသက်တမ်းမကုန်သေး ဟုယူဆသည့် ကာလကို သတ်မှတ်ထားပါသည်။ (အသေးစိတ်ကို ဤနေရာတွင် ကြည့်ပါ။)<br>(မှတ်ချက်) ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့်ရက်တွင် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်၏ အကျုံးဝင်သက်တမ်း ကုန်မည့်သူ များလည်း ပါဝင်သည်။ |
| လိုအပ်သောစာရွက်စာတမ်းများ | • လျှောက်လွှာ<br>※ နေထိုင်ခွင့်အရည်အချင်းနှင့် ကိုက်ညီသော "နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်ရရှိရန် လျှောက်လွှာ"ကို အသုံးပြုရန် မေတ္တာရပ်ခံပါသည်။<br>• လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ<br>※ ပူးတွဲပါသော ကိုးကားပုံစံ(နောက်ဆက်တွဲ ၁ အတွက်၊ နောက်ဆက်တွဲ ၂ အတွက်)တို့ကို ကိုးကားပြီး ရေးရန် မေတ္တာရပ်ခံပါသည်။<br>• ယခင် နေထိုင်ခွင့်ကတ်ပြား၏ မိတ္တူ<br>※ ကတ်ပေါ်ရှိ အချက်အလက်များကို အတည်ပြု၍ရနိုင်ပါက ဓါတ်ပုံနှင့် FAX ဖြင့်လည်းရသည်။ မတင်သွင်းနိုင်ပါက အကြောင်းပြချက်ကို ဖြည့်သွင်းထားသည့် ရှင်းပြစာ(ကြိုက်ရာပုံစံဖြင့်)ကို တင်သွင်းရန် မေတ္တာရပ်ခံပါသည်။ | • လျှောက်လွှာ<br>※ နေထိုင်ခွင့်အရည်အချင်းနှင့် ကိုက်ညီသော "နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ်ရရှိရန် လျှောက်လွှာ"ကို အသုံးပြုရန် မေတ္တာရပ်ခံပါသည်။<br>• လက်ခံအေဂျင်စီမှ ရေးသားထားသော အကြောင်းပြစာ<br>※ ပူးတွဲပါသော ကိုးကားပုံစံ(နောက်ဆက်တွဲ ၁ အတွက်၊ နောက်ဆက်တွဲ ၂ အတွက်)တို့ကို ကိုးကားပြီး ရေးရန် မေတ္တာရပ်ခံပါသည်။<br>• ထုတ်ပေးထားပြီးသော နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် (မူရင်း (သို့) မိတ္တူ)<br>※ အကယ်၍ သင်သည် ဗီဇာလျှောက်ထားသောအခါ နေထိုင်ခွင့် အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက်လက်မှတ်ကို တင်သွင်းပြီး ဖြစ်သောအကြောင်း ထုတ်ပေးထားပြီးသော နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် မူရင်း (သို့) မိတ္တူကို ပူးတွဲပြီး မတင်ပြနိုင်ပါက ကျေးဇူးပြု၍ ဘာကြောင့် မတင်သွင်းနိုင်ကြောင်းကို သီးခြားရေးသားထားသော ရှင်းပြစာ (ကြိုက်ရာပုံစံဖြင့်) သို့မဟုတ် ဗီဇာလျှောက်လွှာ၏ လက်ခံဖြတ်ပိုင်း မိတ္တူတစ်စုံကို ပူးတွဲပို့ပေးပါ။ |
| လျှောက်ထားရမည့် ကာလ | • နေထိုင်နေသော နိုင်ငံ၊ ဒေသသည် ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှု ကာကွယ်ရေးနှင့် စပ်လျဉ်းသော ကန့်သတ်ချက်များကို ဖယ်ရှားလိုက်သည့်ရက်မှ ၆လအကြာနှင့် ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ သီခြားသတ်မှတ်ထားသောနေ့ မတိုင်မီ<br>※ "ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ သီခြားသတ်မှတ်ထားသောနေ့" ကိုခန့်မှန်းခြေအားဖြင့် ၃လ ကြိုတင်၍ သူတို့၏ ဝက်ဘ်ဆိုက်တွင် ကြေငြာသည်။ | • ၂၀၂၂၊ ဇူလိုင် ၃၁ ရက်နေ့မှ စ၍ (သို့) ပြီးနောက်နှင့် ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ သီခြားသတ်မှတ်ထားသောနေ့ မတိုင်မီ<br>※ "ဂျပန်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်ခွင့်ရေးရာစီမံခန့်ခွဲရေးဌာနမှ သတ်မှတ်ထားသောနေ့" ကိုခန့်မှန်းခြေအားဖြင့် ၃လ ကြိုတင်၍ သူတို့၏ ဝက်ဘ်ဆိုက်တွင် ကြေငြာသည်။ |

- ➢ လုပ်ဆောင်မည့်ကာလသည် နှစ်ခုစာလုံး ၁ပတ်ခန့်ကြာမည်ဟု ခန့်မှန်းသည်။ ①တွင် ယခင်ခွင့်ပြုချက်၊ ②တွင် ယခင် နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် လျှောက်ထားချိန်မှ မိမိနှင့်ပက်သက်၍ ပြောင်းလဲခြင်းရှိခဲ့ပါက၊ လိုအပ်သလို အခြားသော သက်သေခံစာရွက်စာတမ်းများတင်သွင်းရန် တောင်းဆိုခံရသည်များရှိသည် (ထိုသို့ဖြစ်ခဲ့ပါက သုံးသပ်စစ်ဆေးရန် အချိန်ကြာသည်များ ရှိသည်။)။
- ➢ နေထိုင်ခွင့်အရည်အချင်း"အမြဲတမ်းနေထိုင်သူ"၊ "အခြေချနေထိုင်သူ"နှင့် "အထူးလုပ်ရှားမှု"များမှ အသိပေးခြင်းမရှိသော လုပ်ရှားမှုများအဖြစ်သတ်မှတ်ခံထားရသူများမှာ၊ နေထိုင်ခွင့်အရည်အချင်း ပြည့်မီကြောင်း ထောက်ခံချက် လက်မှတ် မရရှိနိုင်သူများဖြစ်၍ နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာတွင် ဗီဇာလျှောက်ပါ (အသေးစိတ်ကို ဤနေရာ (အမြဲတမ်းနေထိုင်သူ) သို့မဟုတ် ဤနေရာ ("အခြေချနေထိုင်သူ"နှင့် "အထူးလုပ်ရှားမှု") တွင်ကြည့်ပါ။<br>တစ်ဖန် အခြားသော နေထိုင်ခွင့်အရည်အချင်းများကို ရည်မှန်းထားပြီး၊ ဂျပန်တွင် ကိုယ်စားလှယ်လျှောက်ထားပေးသူ မရှိပါကလည်း နိုင်ငံခြားသံတမန်ရေးရာဦးစီးဌာတွင် ဗီဇာလျှောက်ပါ။